**ကျနော်တို့ အတွက်အကျိုးအမြတ်မရှိဘူး၊ သူတို့ တွေကကျနော်တို့ မြေယာတွေကို ဖျက်စီးလိုက်တယ်၊ ရခိုင်ပြည်နယ် နှင့်မန္တလေးတိုင်းဒေသများမှ ရွှေသဘာဝဓါတ်ငွေ့ နှင့် တရုတ်-မြန်မာရေနံပို့ဆောင်ရေး ပိုက်လိုင်း တလျှောက် မြေယာနှင့် အသက်မွေးဝမ်း ကြောင်းမှု အပေါ် သတ်ရောက်မှုများ**

**နိဒါန်း**

"မြန်မာ-တရုတ်ပိုက်လိုင်းများ" သို့မဟုတ် "ရွှေပိုက်လိုင်များ" ဟု လူသိများသော ရွှေသဘာဝဓါတ်ငွေ့စီမံကိန်း နှင့် မြန်မာ-တရုတ် ရေနံပို့ဆောင်ရေးပရောဂျက်သည် မြန်မာနိုင်ငံ၏ အကြီးမားဆုံးစွမ်းအင်လုပ်ငန်းများဖြစ်သည်။ ၎င်းလုပ်ငန်းများတွင် ကမ်းလွန်ရေနံတွင်းများ၊ ကုန်းတွင်းပိုက်လိုင်းများ၊ ကုန်တွင်းစက်ရုံများ၊ ကမ်းလွန်ဆိပ်ကမ်းများ၊ သိုလှောင်ရုံများနှင့် အခြားထုတ်လုပ်ရေးစက်ရုံများ ပါဝင်သည်။ ဘင်္ဂလာပင်လယ်အော်အတွင်းရှိ အေ ဝမ်း နှင့် အေ သရီး လုပ်ကွက်များမှ မြန်မာ့ဓါတ်ငွေ့များအပြင် အရှေ့အလယ်ပိုင်းနှင့် အာဖရိကမှရေနံများကို မြန်မာနိုင်ငံကို ဖြတ်၍ ၎င်းပိုက်လိုင်းများမှတဆင့် တရုတ်နိုင်ငံသို့ ပို့ဆောင်ပေးမည်ဖြစ်သည်။ ပိုက်လိုင်းများကို ရခိုင်ပြည်နယ် မှ မကွေးတိုင်း၊မန္တလေးတိုင်းဒေသကြီးကို ဖြတ်၍ ရှမ်းပြည်အရှေ့မြောက်ဖက်မှ ရှမ်းပြည်မြောက်ပိုင်း၊ ထိုမှတဆင့် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်သို့ ဆက်သွယ်တည်ဆောက်သွားမည်ဖြစ်သည်။ ပိုက်လိုင်းသွားရာ လမ်းကြောင်းတွင် ပျက်ဆီးလွယ်သော ရေကြောင်းဂေဟစနစ်၊ ထူထဲသော တောင်တန်းများ၊ ချောက်သွေ့လွင်ပြင်များ၊ မြစ်များ၊ တောများ၊ မြန်မာနိုင်ငံ တိုင်းရင်းသားပြည်သူများစွာ နေထိုင်သော ကျေးရွာများ၊ မြို့ပေါင်းများစွာကို ဖြတ်သန်းသွားမည်ဖြစ်သည်။ ၎င်းပိုက်လိုင်းများမှတဆင့် သယ်ယူပို့ဆောင်သွားမည့် သဘာဝအရင်းအမြစ်များသည် ယူနန်ပြည်အတွင်း နှင့် တရုတ်နိုင်ငံ အနောက်ဖက်ခရိုင်များအတွင်းရှိ စာသုံးသူများ၊စက်မှုလုပ်ငန်းအတွက် အကျိုးကျေးဇူးဖြစ်ထွန်းစေမည့်အပြင် မြန်မာအစိုးရ အတွက်လည်း ဒေါ်လာဘီလီယံပေါင်းများစွာ ဝင်ငွေရရှိမည်ဖြစ်သည်။ သို့သော် မြန်မာနိုင်ငံအတွင်းပြည်သူများအတွက် ဓါတ်ငွေ့ထောက်ပံ့ပေးမှု အနည်းငယ် နှင့်ရေနံသုံးစွဲမှု လုံးဝ ရရှိမည်မဟုတ်ကြောင်းတွေ့ရသည်။ မကြာသေးမီကပင် ပိုက်လိုင်းတည်ဆောက်သူဖြစ်သော တရုတ်နိုင်ငံအမျိုးသားရေနံထုတ်လုပ်မှုကော်ပိုရေးရှင်း (CNPC) က ၂၀၁၃ ခုနှစ် ဖွန်လအစောပိုင်းတွင် လုပ်ငန်းများ စတင်လည်ပတ်နိုင်မည်ဟု ထုတ်ဖေါ်ပြောဆိုခဲ့သည်။ တည်ဆောက်ပိုင်းအရ အလုပ်များစွာ ကျန်နေသေးသည်။ အထူးသဖြင့် မြန်မာအစိုးရစစ်တပ်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ဆက်လက်တိုက်ပွဲများ ဖြစ်နေသေးသော ရှမ်းပြည်မြောက်ဖက်ပိုင်းအတွင်းရှိ ဒေသများနှင့် ပိုက်လိုင်း မြေမချရသေးသော နေရာတော်တော် များများ ဆက်ရှိသေးသဖြင့် ၂၀၁၃ ဖွန်နောက်ပိုင်း သို့မဟုတ် ၎င်းအလွန်ကာလတခုအထိ လုပ်ငန်းအကောင်အထည် ဖေါ်နိုင်မည့်အခြေအနေ မရှိသေးပေ။

လုပ်ငန်းစီမံချက်ဒေသများအတွင်း EarthRights International (ERI) က တွေ့ဆုံမေးမြန်းခဲ့သော လူမှုအသိုင်းအဝန်းများ၊ တဦးချင်းအလိုက်ပြည်သူများက ပိုက်လိုင်းပရောဂျက်များကို လုံးဝဆန့်ကျင် ကန့်ကွက်ကြသည်ကို တွေ့ရှိရပြီး ၎င်းပရောဂျက်များကို စောင့်ကြည့်လေ့လာနေသော ERI၊ တခြားသော အဖွဲ့အစည်းများနှင့် တသီးပုဂ္ဂလိက ပြည်သူများကလည်း ပိုက်လိုက်များကြောင့် လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးဝါသော သတ်ရောက်မှုများ ရှိနေသည်ကို တွေ့ရှိရသည်။ ပိုက်လိုင်းကြောင့် ဒုက္ခခံစားရသော ကျေးရွာသားများနှင့် တွေ့ဆုံမေးမြန်းခြင်းများ၊ မြန်မာနိုင်ငံအတွင်း ပြုလုပ်ခဲ့သော စုံစမ်းစစ်ဆေးမှုများ၊ ရေနံနှင့် သဘာဝတ်ဓါတ်ငွေ့ ပရောဂျက်ဆောင်ရွက်နေသော ကုမ္ပဏီများနှင့် ဆက်သွယ် မေးမြန်းမှုများ နှင့် လူသိရှင်ကြားထုတ်ပြန်ထားသော စာရွက်စာတမ်းများမှ ထုတ်နှုတ်ထားသော ယခုအစီရင်ခံစာသည် မြန်မာနိုင်ငံအနောက်ဖက်နှင့် အလယ်ပိုင်း မြန်မာ-တရုတ်ပိုက်လိုင်းပရောဂျက်ကြောင့် ဖြစ်ပေါ်လာ ရသည့် ဆိုးကျိုးသတ်ရောက်မှု သာဓကေများစွာကို တင်ပြထားသည်။

ယခုကာလအပိုင်းအခြားအထူးပြုအစီရင်ခံစာသည် စီမံကိန်းဖြစ်ထွန်းမှုတခုလုံး၏ ပြကွက်တခုမျှသာဖြစ်သည်။ သို့သော် ရှမ်းပြည်မြောက်ဖက်အတွင်း ဆိုးဝါးသော လူ့အခွင့်အရေးချိုးဖောက်မှုများအပါအဝင် သဘာဝတ်ဝန်းကျင် ပျက်ဆီးမှု၊

ဒေသခံများ အကျိုးခံစားခွင့်မရရှိမှု နှင့် လူ့အခွင့်အရေးချိုးဖောက်မှုများအပြင် ပိုက်လမ်းသွားရာ လမ်းကြောင်းတလျှောက် တခြားသတ်ရောက်မှုများကိုလည်း မှတ်တမ်းတင်ထားပြီးဖြစ်သည်။ ERI သည် ရှမ်းပြည် မြောက်ပိုင်းတွင် ကွင်းဆင်း စုံစမ်းလေ့လာမှုများ မလုပ်ခဲ့သော်လည်း မြန်မာအစိုးရစစ်တပ်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များစွာအကြား တဖန်ပြန်ဖြစ်လာသော လက်နက်ကိုင်တိုက်ပွဲများဖြစ်နေသည့် တရုတ်နယ်စပ်အနီးသို့ ဆောက်လုပ် ရေးလုပ်ငန်းများ နီးလာသည်နှင့်တချိန်တည်း တင်းမာမှုများလည်း ပိုတိုးလာနေသည် ကိုတွေ့ရသည်။ ၎င်းအကြောင်းအရာနှင့် ပတ်သက်သည့်အစီရင်ခံစာများအား ယခုအစီရင်ခံစာတွင် ပူးတွဲပါရှိသော အင်တာနက်လိပ်စာများတွင် ရရှိနိုင်ပါသည်။

ERI ၏ ယခုအစီရင်ခံစာထုတ်ပြန်ရခြင်း၏ ရည်ရွယ်ချက်သည် မြန်မာနိုင်ငံအတွင်းရှိ ဒေသခံလူမှုအသိုင်းအဝန်းများနှင့် လူမှုလူ့အဖွဲ့အစည်းများအတွက် သတင်းအချက်အလက်ပေးရန် နှင့် သက်ဆိုင်ရာ ကုမ္ပဏီများနှင့် သက်ဆိုင်သူများအား လက်ရှိဆောက်လုပ်နေဆဲလုပ်ငန်းနှင့်ပတ်သက်ပြီး ဒေသခံပြည်သူများ၏ အမြင်နှင့် သတ်ရောက်မှုများကို သတိပေးရန် ဖြစ်သည်။ ယခုအစီရင်ခံစာမထုတ်ခင် ERI သည် Daewoo International နှင့် တရုတ်နိုင်ငံအမျိုးသား ရေနံကော်ပိုရေးရှင်းက ထိန်းချုပ်သော အရှေ့တောင်အာရှ ဓါတ်ငွေ့ပိုက်လိုင်း ကုမ္ပဏီလီမိတက် (SEAGP) ထံမှ ဒေသခံတဦးချင်းအပေါ် သတ်ရောက်မှုများဆိုင်ရာ အစီရင်ခံတင်ပြခြင်းနှင့်ပတ်သက်သော တုန့်ပြန်ချက်များ ရရှိခဲ့သည်။ ERI သည် ၎င်းတို့၏ တရားဝင်တုန့်ပြန်ချက်များကို ယခုအစီရင်ခံစာတွင် ပူးတွဲ ဖေါ်ပြထားသည်။

### ပိုက်လိုင်းများ

မြန်မာ-တရုတ်ပိုက်လိုင်းများတွင် လုပ်ငန်းသုံးခုပါဝင်သည်။(၁) ဘင်္ဂလားပင်လယ်အော်အတွင်း ကမ်းလွန်သဘာဝ ဓါတ်ငွေ့ထုတ်စင်များမှ ရွှေဓါတ်ငွေ့ကွင်းမှ ဓါတ်ငွေ့ထုတ်ယူခြင်း၊ ကမ်းလွန်သဘာဝဓါတ်ငွေ့ပိုက်လိုင်းများနှင့် ကုန်းတွင်းသဘာဝဓါတ်ငွေ့စက်ရုံ (OGT)၊ (၂) ကုန်းတွင်းသဘာဝဓါတ်ငွေ့ပိုက်လိုင်း နှင့် (၃) ကုန်းတွင်းရေနက်ဆိပ်ကမ်း၊ ရေနံသိုလှောင်ရုံ နှင့် ကုန်းတွင်းရေနံသယ်ယူပို့ဆောင်ရေးပိုက်လိုင်းများဟူ၍ဖြစ်သည်။ လုပ်ငန်းတခုချင်းစီအတွက် သီးခြားကန်ထရိုက် နှင့် ပိုင်ဆိုင်မှုများရှိသည်။ ရွှေသဘာဝဓါတ်ငွေ့ကွင်းတွင် ရွှေ၊ရွှေဖြူ နှင့် မြကွင်းဟူ၍ သီးခြားဓါတ်ငွေ့ ရှာဖွေကွင်း သုံးခုရှိပြီး ရခိုင်ကမ်းရိုးတန်းကမ်းလွန် လုပ်ကွက်အမှတ် A 1 နှင့် A – 3 ကွင်းများတွင် တည်ရှိသည်။ တောင်ကိုရီးယားစီးပွားရေးကုမ္ပဏီကြီး POSCO ၏ လက်အောက်ခံ ကုမ္ပဏီဖြစ်သော Daewoo International သည် လုပ်ကွက်အမှတ် A-1 နှင့် A-3 နှစ်ခုစလုံး၏ ပိုင်ရှင်နှင့် လုပ်ငန်းဖေါ်ဆောင်သူ ဖြစ်သည်။ ဒေပူးနိုင်ငံတကာတွင် အကြီးစား ဖက်စပ်စီးပွားရေးလုပ်ငန်းရှင် များစွာရှိသည်။ နိုင်ငံတော်ပိုင် မြန်မာ့ရေနံ နှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE)၊ ကိုရီးယားဓါတ်ငွေ့ကော်ပိုရေးရှင်း (KOGAS) (ကိုရီးယားနိုင်ငံတော်ပိုင်ဖြစ်သည်)၊ ONG ဗီးဒေ့ရှ်(အိန္ဒိယ) နှင့် ၁၅ ရာခိုင်နှုန်းပိုင်ဆိုင်မှုရှိသော GAIL (အိန္ဒိယ) တို့ သည် ဒေပူးနိုင်ငံတကာ၏စီးပွားဖက်များဖြစ်သည်။ ၎င်းဖက်စပ်စီးပွားရေး အုပ်စုကြီးသည် တောင်ကိုရီးယားနိုင်ငံ ဟွန်ဒိုင်းအကြီးစားစက်မှုလုပ်ငန်း (HHI) က အမေရိကန်ဒေါ်လာ ၁.၄ ဘီလီယံ အကုန်အကျခံတည်ဆောက်မည့် ကီလိုမီတာ ၈ဝ (မိုင် ၁၁ဝ) အရှည်ရှိသော ကမ်းလွန်ပိုက်လိုင်းလုပ်ငန်းတွင် ဝင်ရောက်လုပ်ကိုင်မည်ဖြစ်သည်။ ၎င်းပိုက်လိုင်းသည် ၂ဝ၁၃ ခုနှစ်တွင် အပြီးသတ်ဆောင်ရွက်မည်ဟု ခန့်မှန်းထားပြီး နှစ် ၃ဝ အတွင်း တရုတ်နိုင်ငံသို့ သဘာဝဓါတ်ငွေ့ကုဗပေ ၆.၅ ထရီလီယံ ပို့ဆောင်ပေးမည်ဖြစ်သည်။

ရွှေသဘာဝဓါတ်ငွေ့ပိုက်လိုင်း၏ ကုန်းတွင်းပိုင်းကို OGT တွင် စတင်မည်ဖြစ်ပြီး နောက်ထပ် ၇၉၃ ကီလိုမီတာ (မိုင် ၄၉၂) အရှည်ရှိသော မြန်မာနယ်စပ် တရုတ်ယူနန်ပြည်နယ်သို့ ဆက်လက်ဖေါက်လုပ် သွားမည်ဖြစ်သည်။ တရုတ်နိုင်ငံ အမျိုးသားရေနံကော်ပိုရေးရှင်း (CNPC) က ဖန်တီးထားသော ဟောင်ကောင်မှတ်ပုံတင် ကုမ္ပဏီဖြစ်သော SEAGP နှင့်အထက်တွင်ဖေါ်ပြထားသော စီးပွားရေးကုမ္ပဏီများပါသော ရွှေစီးပွားဖက်စပ်အစုအဖွဲ့သည် ဆောက်လုပ်ရေးအတွက် တာဝန်ယူထားပြီး ကုန်းတွင်းပိုက်လိုင်းလုပ်ငန်းကိုလည်း တာဝန်ယူဆောင်ရွက်သည်။ ၎င်းပိုက်လိုင်းကိုလည်း ၂ဝ၁၃ ခုနှစ် မတ်လတွင် အပြီးသတ်တည်ဆောက်ရန် သတ်မှတ်ထားပြီး ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁.ဝ၄ ဘီလီယံရှိသည်။

သဘာဝဓါတ်ငွေ့ပိုက်လိုင်းနှင့်အပြိုင် ရေနံစိမ်းပိုက်လိုင်းသည် မြန်မာနိုင်ငံတခုလုံးနီးပါးကို ဖြတ်၍ သွယ်တန်း သွားမည်ဖြစ်ပြီး ပိုက်လိုင်းအကူကားလမ်းနှင့် ကျောက်ဖြူ မှ ယူနန်ပြည်နယ် ရွှေလီအထိ ရထားလမ်းတခုပါ ရည်ရွယ်ထားသည်။ ၎င်းရေနံစိမ်းပိုက်လိုင်းသည် အရှေ့အလယ်ပိုင်း ဒေသနှင့် အာဖရိကတိုက်မှ ရေနံများကို တရုတ်နိုင်ငံအနောက်တောင်ပိုင်းဒေသသို့ ပို့ဆောင်ပေးမည်ဖြစ်သည်။ ရေနံပိုက်လိုင်း လုပ်ငန်းအား ကုမ္ပဏီ၏ အစုရှယ်ယာ ၅၀.၉ ရာခိုင်နှုန်းပိုင်ဆိုင်သော CNPC လက်အောက်ခံ ဟောင်ကောင်မှတ်ပုံတင် အရှေ့တောင်အာရှ ရေနံပိုက်လိုင်းကုမ္ပဏီ (SEAOP) နှင့် ကျန် ၄၉.၁ ရာခိုင်နှုန်းပိုင်ဆိုင်သော MOGE က ဆောင်ရွက်သည်။ CNPC နှင့် မြန်မာအစိုးရအကြား ချုပ်ဆိုသော ၂၀၀၉ ခုနှစ် သဘောတူညီချက်အရ CNPC သည် စီးပွားရေးလုပ်ခွင့်အရ ပရောဂျက် တည်ဆောက်ရေးနှင့် လုပ်ငန်းလည်ပတ်ရေးအတွက် တာဝန်ရှိပြီး မြန်မာအစိုးရသည် လုံခြုံရေးအတွက်သာ တာဝန်ရှိသည်။[1] ၎င်းလုပ်ငန်းတွင် ရေနံစိမ်းကုန်ချရေနက်ဆိပ်ကမ်းသစ်တခု ဆောက်လုပ်ရေးနှင့် မြန်မာနိုင်ငံ မဒေးကျွန်းပေါ်တွင် ရေနံသိုလှောင်ရုံ တည်ဆောက်ရေး တို့ပါဝင်သည်။ CNPC သည် ရေနံပိုက်လိုင်းလုပ်ငန်းတခုလုံး၏ ၅၀.၉ ရာခိုင်နှုန်း ပိုင်ဆိုင်ပြီး MOGE သည် ကျန် ၄၉ .၁ ရာခိုင်နှုန်း ရှယ်ရာပိုင်ဆိုင်သည်။

**ရခိုင်ပြည်နယ်၊မကွေးတိုင်းဒေသကြီး နှင့် မန္တလေးတိုင်းဒေသကြီးများအတွင်း သတ်ရောက်မှုများ**

မြန်မာ-တရုတ်ပိုက်လိုင်းများကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းနှင့် အနောက်ဖက်ဒေသအတွင်းရှိ လူမှုအသိုင်းအဝန်းများစွာ၏ အသက်ရှင်ရပ်တည်မှုများ၊ အသက်မွေးဝမ်းကျောင်းများအပေါ် ကြီးစွာသော သတ်ရောက်မှုများ ရှိနေသည်။ ဒေသန္တရအဆင့်အစိုးရတာဝန်ရှိသူများနှင့် စစ်တပ်အရာရှိများ၏ အမြတ်ထုတ်မှု၊ ချစားမှု၊ လျော်ကြေးလုံးဝပေးခြင်းမရှိသို့မဟုတ် အလုံအလောက်ပေးခြင်းမရှိပဲ မြေယာသိမ်းယူမှုများ၊ ပရောဂျက်နှင့်ဆက်စပ်လုပ်ငန်းများကြောင့် လယ်သမားများ၊ လူမှုအသိုင်းအဝန်းပိုင် စိုက်ပျိုးမြေများ ပျက်ဆီးခြင်း နှင့် ငါးဖမ်းဒေသများ ပျက်ဆီးခြင်း စသည့်ဖြစ်ရပ်များကို ဒေသခံရွာသားများက အစီရင်ခံတင်ပြခဲ့သည်။ ဆောက်လုပ်ရေးလုပ်ငန်းများကြောင့် ပုံမှန်ဆက်သွယ်ရေးလမ်းကြောင်းများအပိတ်ခံရခြင်း သို့မဟုတ် အဓိကလမ်းမများအား ထိထိရောက်ရောက်ပြင်ဆင်မပေးသဖြင့် ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်မှုအပေါ် ကန့်သတ်ချက်များဖြစ်ခဲ့သည်။ ဒေသခံလူမှုအသိုင်းအဝန်းများနှင့် တွေ့ဆုံမေးမြန်းချက်များအရ စီမံကိန်းတာဝန်ရှိ သူများသည် လျော်ကြေးအစီအစဉ်များ နှင့် နိုင်ငံသားများအပေါ် ဖြစ်နိုင်ချေသတ်ရောက်မှုများ ရှင်းလင်းတင်ပြချိန်တွင် ပွင့်လင်းမြင်သာမှု အားနည်းခဲ့သည်ကို ဖော်ပြခဲ့သည်။ ဒေသခံများ၏ လိုအပ်ချက်နှင့် စံသတ်မှတ်များကို ဖြည့်ဆည်းပေးခြင်း မရှိသည့် ကုမ္ပဏီ၏ ကော်ပိုရေးရှင်းလူမှုကောင်းကျိုးအစီအစဉ်များ ပျက်ကွက်ခြင်းသာဓကများစွာကိုလည်း ဒေသခံနိုင်ငံသားများက တင်ပြခဲ့သည်။

**မြေယာနှင့် အသက်မွေးဝမ်းကြောင်းမှု**

ရေနံနှင့် ဓါတ်ငွေ့လုပ်ငန်းများနှင့် ဆက်စပ်သော စစ်တပ်အမြတ်ထုတ်ခြင်း၊ သိမ်းဆည်းခံရသော မြေယာများအတွက် လျော်ကြေးငွေပေးရန် ပျက်ကွက်ခြင်း၊ နှင့် စိုက်ပျိုးမြေနှင့် လူမှုအသိုင်းအဝန်းပိုင်မြေများ ပျက်ဆီးခြင်း (သို့မဟုတ်) ဖျက်ဆီးခံရခြင်းစသည့် မြေယာ ချိုးဖောက်မှုပုံစံများကို ERI က မှတ်တမ်းတင်ခဲ့သည်။ မြေယာလျော်ကြေးပေးခြင်း၏ နောက်ဆက်တွဲခြစားမှု များတွင် မြန်မာ့ရေနံ နှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE)ပါဝင်သည်ဟူသော တင်ပြချက်များ ရှိနေသည်။ မြေယာအခွင့်အရေးချိုးဖောက်မှုများသည် ဒေသခံလူမှုအသိုင်းအဝန်းများ၏ နေထိုင်မှုပုံစံ ရှင်သန်မှုအပေါ် ဆိုးဝါးသော သက်ရောက်မှုများရှိခြင်း နှင့် ဘေးဒဏ်သင့်မိသားစုများအတွက် အစားအစာလုံခြုံမှုအား

[1] Chinese National Petroleum Corporation, *Rights and obligation agreement signed of Myanmar-China Crude Oil Pipeline*, Dec. 21, 2009, *available at* http://webcache.googleusercontent.com/search?q=cache:f95ztw0sobsJ:www.cnpc.com.cn/en/press/newsreleases/RightsandobligationagreementsignedofMyanmar%EF%BC%8DChinaCrudePipeline.htm&hl=en&gl=th&strip=1

အထွေရာယ်ပြုနေသည်။ ERI သည် စာဖတ်သူများ ပိုမိုရှင်းလင်းစွာ နားလည်နိုင်စေရန် သတ်ရောက်မှုအမျိုးအစား အလိုက်ခွဲခြားတင်ပြထားသည်။

ERI ၏စုံစမ်းမှုများကို တုန့်ပြန်သည့်အနေနှင့် ဒေဝူးနိုင်ငံတကာသည် ၎င်း၏ မြေယာအသုံးပြုမှုမူဝါဒအား တရားဝင် ဖေါ်ပြခဲ့သည်။ မူရင်း အင်္ဂလိပ် လိုနှင့် ERI က မြန်မာလိုဘာသာပြန်ချက်ကို ဖေါ်ပြထားသည်။ ဒေဝူးနိုင်ငံတကာက မြန်မာဘာသာနှင့် ထုတ်ပြန်ခြင်းမရှိသော်လည်း ၎င်းမူဝါဒကို ဒေသခံလူမှုအသိုင်းအဝန်းများအား ထုတ်ဖေါ်တင်ပြခြင်း၊ ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့သည်ဟု ကုမ္ပဏီက အခိုင်အမာပြောဆိုခဲ့သည်။ [2] Daewoo International မှ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ပြန်ထားသော မြေယာအသုံးပြုမှု မူဝါဒအား ဒေသခံပြည်သူလူထုအကျိုးကျေးဇူးရှိစေရန် ရည်ရွယ်ပြီး EarthRights International ကမြန်မာဘာသာပြန်ဖော်ပြထား ပါသည်။

**အမြတ်ထုတ်ခြင်း နှင့် လာဘ်ပေးလာဘ်ယူခြင်း**

- ၂၀၁၁ခုနှစ် စက်တင်ဘာလတွင် သစ်ပုတ်တောင်ကျေးရွာအနီး ဧည့်ဂတီရေတပ်စခန်းမှ ဗိုလ်မှူးသန်းမောင်သည် မိသားစုဆယ်စု၏ ဆွေစဉ်မျိုးဆက်ပိုင် တောင်ပေါ်ဥယျာဉ် နှင့် စားကျက်မြေ ၄၆ ဧကကိုသိမ်းယူခဲ့သည်။ ၎င်းမြေပေါ်တွင် သရက်ပင်၊ ငှက်ပျောပင်၊ ဝါး၊ ခရမ်းသီး နှင့် အိမ်မွေးတိရိစ္ဆာန်များ စိုက်ပျိုးမွေးမြူသည်။ မြေပိုင်ရှင်မိသားစုများတွင် မိသားစုမြေအား တရားဝင်ပိုင်ဆိုင်မှုစာရွက်စာတမ်းမရှိပါ။ မြေပိုင်ဂရံလျှောက်ပါက အခွန်အတုတ်ကြီးမားသောကြောင့် မိသားစုများအတွက် မတတ်နိုင်ပါ။ ထို့ကြောင့် ရေတပ်သည် လျော်ကြေး ပေးခြင်းမရှိပဲ ဒေသခံမြေစာရင်းဦးစီးဌာနမှ တရားဝင်မြေပိုင်ခွင့် ထုတ်ယူပြီး သိမ်းယူခဲ့သည်။ မြေသိမ်းခံ ကျေးရွာသားများက ဒေသခံမီဒီယာများသို့ ထုတ်ဖေါ်ပြောဆိုသည့်နောက်ပိုင်းတွင် ဗိုလ်မှူးသန်းမောင်က မိသားစုတစုအတွက် ကျပ်ငွေတသိန်းလျော်ကြေးပေးခဲ့သည်။ ထို့နောက် ရေတပ်သည် ရွှေသဘာဝကုန်းတွင်း ဓါတ်ငွေ့ပိုက်လိုင်းလုပ်ငန်းအတွက် SEAGP ၏ ထပ်ဆင့် ကန်ထရိုက် အိန္ဒိယကုမ္ပဏီPunj Lloyd အား ကျပ်ငွေ သန်း ၂၀ (ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၂၃၀၀၀ခန့်) နှင့် ၎င်းမြေအား အသုံးပြုခွင့် ပေးခဲ့သည်။ [3] ဒေဝူးနိုင်ငံတကာက ၎င်းစွတ်စွဲချက်တွင် SEAGP ထပ်ဆင့်ကန်ထရိုက် Punj Lloyd ပါဝင် ကြောင်းကို အတည်ပြုပေးခဲ့သည်။ လျော်ကြေးပေးခြင်းလုပ်ငန်းစဉ် (သို့မဟုတ်) အချိန်စာရင်းနှင့် ပတ်သက်၍ ERI သို့သော်လည်းကောင်း ပျားတဲ့ကျေးရွာသားများသို့လည်းကောင်း ဖြေကြားခဲ့ခြင်း မရှိပါ။ [4] ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် လွှတ်တော်မြေယာသိမ်းဆည်းမှု စုံစမ်းစစ်ဆေးရေးကော်မရှင်က ရခိုင်ပြည်နယ်အတွင်း စုံစမ်းခဲ့သော မြေသိမ်းမှုများတွင် ဧည့်ဂတီရေတပ်စခန်းက မြေသိမ်းမှု အသေးစိတ်ဖြစ်စဉ်များလည်း အပါအဝင် ဖြစ်သည်။[5]

- ၂၀၁၁ခုနှစ် ဇန်နဝါရီလတွင် ဂုံးချိန်ကျေးရွာသား မြေပိုင်ရှင်သုံးဦးနှင့် ကျေးရွာဖွံ့ဖြိုးရေးကောင်စီသည် ခလရ ၃၄ မှ ဗိုလ်ကြီး ဇော်မြင့်ထူးထံမှ အကြောင်းကြားစာတစောင်လက်ခံရရှိခဲ့သည်။ ထိုစာတွင် ၎င်းတို့ပိုင် မြေများအား စစ်တပ်စက်ပစ်ကွင်းအဖြစ် သိမ်းဆည်းလိုက်ပြီဖြစ်ကြောင်းဖေါ်ပြထားသည်။ မြေပိုင်ရှင်များကို လျော်ကြေးမပေးခဲ့သည့်အပြင် ၂၀၁၁ ခုနှစ် နောက်ပိုင်းတွင် ၎င်းမြေများအား မြန်မာရွှေသရဖူကုမ္ပဏီ(MGC)

---

[2] Email communication with Daewoo International (Jan. 29, 2013). On file with EarthRights International.

[3] Interviews #013-2012 in Pyar Tay, Myanmar, #034-2012 in Kyauk Phyu Township, Myanmar. On file with EarthRights International.

[4] Email communication with Daewoo International (Sept. 24, 2012). On file with EarthRights International.

[5] *Union Commission Investigates 14 More Cases of Land Confiscation in Arakan*, NARINJARA, Dec. 10, 2012, *at* http://www.narinjara.com/main/index.php/union-commission-investigates-14-more-cases-of-land-confiscation-in-arakan/.

ထံသို့ ပြန်ရောင်းချခဲ့ကြောင်း သိရသည်။ MGC သည် ဒေဝူးနိုင်ငံတကာ၏ ကန်ထရိုက်ကုမ္ပဏီဖြစ်သော ဟွန်ဒိုင်းအကြီးစားစက်မှုလုပ်ငန်း၏ တဆင့်ခံ ကန်ထရိုက်ဖြစ်သည်။ MGC အား ပိုက်လိုင်းစီမံကိန်းအတွက် ဘိလပ်မြေစက်ရုံ တည်ဆောက်ရန် ပြန်ရောင်းချလိုက်ခြင်းဖြစ်သည်။[6] ဒေဝူးနိုင်ငံတကာက ၎င်းပြဿနာသည် မြန်မာအစိုးရစစ်တပ်နှင့် ဒေသခံရွာသားများအကြား အငြင်းပွားမှုသာ ဖြစ်ကြောင်းနှင့် MGC သည် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် မြေယာအသုံးပြုခြင်းကိုလည်း ငြင်းဆန်ခဲ့သည်။[7]

- ၂၀၁၂ ခုနှစ် ဇွန်လ သို့မဟုတ် ဇူလိုင်လတွင် Punj Llyod ကုမ္ပဏီသည် ကုန်းတွင်းဓါတ်ငွေ့ပိုက်လိုင်း တည်ဆောက်ရာတွင် ပိုက်လမ်းတလေ ျဖာက်မြောင်းများမှ ရွှံ့မြေများစွန့်ပစ်ခြင်းကြောင့် ပျားတဲရွာနှင့် ကြီးတင်ရွာမှ လယ်သမားအများအပြားပိုင်မြေများ ပျက်ဆီးခဲ့ရပြီး၊၎င်း စိုက်ခင်းများ ပျက်ဆီးခဲ့ရသည်။ ၎င်းလယ်သမား များသည် ကျောက်ဖြူမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီထံသို့ တိုင်ကြားသော်လည်း မည်သည့် အကြောင်းပြန်ချက်မှ မရရှိခဲ့ပေ။ ၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် မကျေနပ်ချက်များအား Punj Lloyd ကုမ္ပဏီသို့ တိုက်ရိုက်တင်ပြခဲ့သဖြင့် ကုမ္ပဏီက ပျက်ဆီးခဲ့သော မြေယာများ အတွက် လယ်သမားများကိုလျော်ကြေးပေးရန် သဘောတူခဲ့သည်။ Punj Lloyd ကုမ္ပဏီမှ နိုင်ငံခြားနှင့် ဒေသခံကိုယ်စားလှယ်များက ပျက်ဆီးမြေများကို စစ်ဆေးခဲ့ပြီး ကျပ်ငွေ ၅သိန်းပေးရန် သဘောတူခဲ့သည်။ ၂၀၁၃ခုနှစ် ဇန်နဝါရီလနောက်ပိုင်းတွင် လယ်သမားများကို MOGE ကိုယ်စားလှယ်များနှင့်တွေ့ရန် Punj Lloyd ကုမ္ပဏီရုံးစိုက်မြို့ဖြစ်သော မင်းတပ်ကုန်း သို့ လယ်သမားများကို ဆင့်ခေါ်ခဲ့သည်။ MOGE ကိုယ်စားလှယ်များက ရွာသားများကို လျော်ကြေးငွေ တသိန်းခန့်သာ ပေးသည်။ Punj Lloyd ကုမ္ပဏီကပေးသော ကျန်လျော်ကြေးငွေကို MOGE ကိုယ်စားလှယ်များသည် ယူသွားသည်ဟု ရွာသားများက ယုံကြည်သည်။[8]

## လျော်ကြေးမပေးပဲ သိမ်းဆည်းမှုများ

- ၂၀၁၀ခုနှစ်တွင် မလကျွန်းနှင့် ဂုံးချိုန်ကျေးရွာများအကြားရှိ ရမ်းပြဲကျွန်းအား Daewoo International ဂင်ရောက်လုပ်ကိုင်နေသည့် ပိုက်လိုင်းစီမံကိန်း၏ ကုန်းတွင်းဓါတ်ငွေ့စက်ရုံ (OGT) တည်ဆောက်ရန် အသုံးပြုခဲ့သည်။ ဒေသခံရွာသားများသည် စီမံကိန်းက အသုံးပြုသော ၎င်းတို့ပိုင်မြေအတွက် လျော်ကြေးရသော်လည်း ငပြီတောင်အသုံးပြုမှုအတွက်တော့ လျော်ကြေးမရပေ။ ငပြီတောင်သည် ဒေသခံ ပြည်သူများပိုင်ဖြစ်ပြီး ရွာနီးစပ်ချုပ်နေ ပြည်သူများအတွက် ထင်း၊ သဘာဂပေါက် သစ်သီးနှင့် ဟင်းသီးဟင်းရွက် နှင့် အိမ်ဆောက်ဂါး ရရှိသည့် နေရာဖြစ်သည်။[9]
- ကျောက်ဖြူမြို့နယ်အတွင်းရှိ ရွာသားများက MGC နှင့် Punj Lloyd သည် လျော်ကြေးသဘောတူညီချက်တွင် အသေးစိတ်ဖေါ်ပြထားသော မူရင်းမြေအကျယ်အဂန်းထက် စိုက်ပျိုးမြေအကျယ်အဂန်းပိုသုံးစွဲနေသည်ဟု တင်ပြခဲ့သည်။ SEAGP သည် Punj Lloyd မှတဆင့် ပိုက်လိုင်းသွားရာ လမ်းကြောင်းအတွက် မြေအကျယ် ပေ ခြောက်ဆယ်အကျယ် (ခန့်မှန်းချေ မီတာ ၂၀) အတွက် လျော်ကြေးပေးခဲ့သည်။ သို့သော် Punj Lloyd သည် ခန့်မှန်းချေ ပေတရာခန့်မြေအကျယ်အဂန်း သုံးနေသည်ကိုတွေ့ရသည်။ MGC သည်လည်း အဆောက်အဦများနှင့် OGT ဆောက်ရန် ယခင်လျော်ကြေးသဘောတူညီချက်အရ ခွင့်ပြုထားသည်ထက်

---

6 Interview #030-2011 in Kyauk Phyu Township, Myanmar. On file with EarthRights International.

7 Email communication with Daewoo International (Sept. 24, 2012). On file with EarthRights International.

8 Interview #001-2013 in Pyay Tay village, Myanmar. On file with EarthRights International.

9 Interview #32-2012 in Kyauk Phyu township, Myanmar. On file with EarthRights International

မြေနေရာပိုသုံးနေသည်။[10]MGC က ၂၀၁၀ ခုနှစ် နှင့် ၂၀၁၁ ခုနှစ်အတွင်း မြေသိမ်းခဲ့ပြီး Punj Lloyd က ၂၀၁၁ခုနှစ်စက်တင်ဘာလတွင် မြေသိမ်းခဲ့သည်။ ကုမ္ပဏီနှစ်ခုစလုံးက လျော်ကြေးပေးခြင်းမရှိပေ။ [11] Daewoo International က ၎င်းတို့လျော်ပေးငွေထုတ်ပေးခြင်းသည် ပြီးဆုံးသွားပြီဖြစ်ကြောင်းနှင့် မြေသိမ်းမှုများ တွင် MGC ပါဝင်ခြင်းရှိ မရှိကို ၎င်းတို့အနေနှင့် အတည်ပြုပြောနိုင်ခြင်းမရှိကြောင်း အခိုင်အမာ ပြောဆိုခဲ့ သည်။ [12] Punj Lloyd သည် မြေအကျယ် ပေခြောက်ဆယ်ထက်ပိုသုံးခဲ့သည်ကို SEAGP က အတည်ပြုခဲ့ပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာလတွင် Punj Llyod က ရွာသားများက လျော်ကြေးပေးမည် ဖြစ်ကြောင်းနှင့် ရွာသားများ အမြန်ဆုံး စိုက်ပျိုးနိုင်ရန် မြေပြန်ပေးမည်ဟုအတည်ပြုပြောဆိုခဲ့သည်။ [13] ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလအထိ Punj Lloyd သည် အပိုသုံးမြေအတွက် လျော်ကြေးပေးခြင်း မရှိသေးသည့်အပြင် ရွာသားများ၏အဆိုအရ ပျက်ဆီးမြေများသည် စိုက်ပျိုးမြေအဖြစ် တဖန်ပြန်ဖြစ်လာရန်အတွက် နှစ်နှင့်ချီ၍ ကြာသည်ဟုသိရသည်။ [14] မကွေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာသားများသည်လည်း အလားတူ ဖြစ်ရပ်မျိုး ကြုံတွေ့ရသည်ဟု တင်ပြမှုများရှိသည်။ ပိုက်လိုင်းတည်ဆောက်ရေးအတွက် လျော်ကြေးပေး ထားသည့် မြေ ပေ ၁၀၀ ထက်ပို၍သုံးစွဲနေကြောင်းနှင့် တချို့ဖြစ်ရပ်များတွင် လျော်ကြေးလုံးဝပေးခြင်းမရှိပဲ မြေအကျယ် ပေ ၁၅၀ မှ ၁၇၀ အထိ သုံးစွဲနေသည်ဟု ၎င်းရွာသားများက ပြောဆိုသည်။[15]

- မြန်မာ့ရေနံနှင့် သဘာဝဓါတ်ငွေ့လုပ်ငန်း (MOGE) နှင့် တရုတ်ကုမ္ပဏီများသည် ပိုက်လုံးများ မြေမချခင်နှင့် မဆက်ခင် ပုံမှန်အားဖြင့် ပိုက်လုံးများကို သဲအိတ်ကြီးများကိုအောက်တွင်ထားလေ့ရှိသည်။ ၂၀၁၂ခုနှစ် ဧပြီလတွင် မကွေးတိုင်းဒေသကြီး၊ပွင့်ဖြူမြို့နယ်အပိုင် ခွန်စုကျေးရွာတောင်ဖက်ခြမ်းတွင် ပိုက်လိုင်းပြင်ဆင်ရေးနေရာ အကျယ် အဝန်းသည် မူရင်းစီမံကိန်းနေရာထက် များစွာပိုသွားခဲ့ပြီး ဒေသခံပြည်သူများပိုင်မြေပေါ်တွင် သဲအိတ်များနှင့် အပြည့်ဖြစ်သွားခဲ့သည်။ ရွာသားများသည် ယခင်ပိုက်လိုင်းသွားရာလမ်းကြောင်းအတွက် အသိမ်းခံရသည့်မြေအတွက် လျော်ကြေးရခဲ့ပြီးဖြစ်သော်လည်း ကျန်ရှိမြေအားလုံးနီးပါးအား အဆမတန် ချဲ့ထွင်အသုံးပြုခြင်း (သို့မဟုတ်) စိုက်ပျိုးထုတ်ကုန်လုံးဝ ဆုံးရှုံးရခြင်းအတွက် လျော်ကြေးတစုံတရာ မရ ရှိခဲ့ပေ။[16]

## ပျက်စီးသွားသော သို့မဟုတ် ဖျက်ဆီးခံရသော မြေယာသတ်ရောက်မှုများ

- မကွေးတိုင်း၊ ရေနံချောင်းမြို့နယ် မူကန်ကျေးရွာအတွင်း ဧရာဝတီမြစ်၏ မြစ်လက်တက်တခုဖြစ်သော ပိန်းချောင်းအား ပိုက်လိုင်းဖြတ်ဆောက်သဖြင့် သဘာဝရေသွား ရေလာအခြေအနေအပေါ် ဆိုးဝါးစွာသတ်ရောက်မှုရှိခဲ့သည်။ မြစ်ကိုဖြတ်ဆောက်သဖြင့် မြစ်အထက်ပိုင်း စိုက်ပျိုးမြေများ ရေလွှမ်းမိုးခံရခြင်းနှင့် မြစ်အောက်ဖက် စိုက်ပျိုးမြေများတွင် ရေခမ်းခြောက်မှုများ သိသိသာသာဖြစ်ခဲ့ရသည်။ အပင်ပျက်မှာစိုးရိမ်သောကြောင့် အချိန်မတိုင်ခင် စိုက်ခင်းမှ နှုတ်လိုက်သော တောင်သူများအဖို့ လာမည့်ရာသီများအတွက် မျိုးစေ့မရမှုနှင့် ကြုံရသည်။

---

[10] Interview #030-2010, Mala Kyun village, Myanmar. On file with EarthRights International.

[11] Interviews #010-2012 in Mala Kyun, Myanmar, #014-2012 in Pjain, Sei, Myanmar. On file with EarthRights International.

[12] Email communication with Daewoo International (Sept. 24, 2012). On file with EarthRights International.

[13] Email communication with Daewoo International & SEAGP (Nov. 16, 2012). On file with EarthRights International.

[14] Interviews #014-2012, #015-2012 in Pjain Sei Kay village, Myanmar. On file with EarthRights International.

[15] Interview #020-2012 in Kun Su village, Min Bu Township, Myanmar. On file with EarthRights International.

[16] See photo caption (Land Use Without Adequate Compensation).

တချို့သူများကို လျော်ကြေးပေးထားပြီဖြစ်သော်လည်း လျော်ကြေးသည် မရိုးဖလာသုံးရာသီစိုက်ခင်းအတွက် ပေးလျော်ခြင်းမဟုတ်ပဲ တရာသီစာအတွက်သာ ပေးသဖြင့် လုံလောက်မှုမရှိဟု ဒေသခံများက ပြောဆိုခဲ့သည်။ ထို့အပြင် လာမည့်စိုက်ခင်းရာသီများအတွက်ချန်ထားသော ပျက်ဆီးသွားသည့် မျိုးစေ့များအတွက်လည်း လျော်ကြေးပေးခြင်းမရှိဟု ပြောဆိုခဲ့သည်။[17]

- မလကျွန်းနှင့် ဂုံးချိန်ကျေးရွာအနီး OGT ဆောက်လုပ်ရေးမှ ကျောက်တုံးများ နှင့် စွန့်ပစ်မြေများသည် မိုးရာသီအတွင်း ဒေသခံပိုင် စိုက်ခင်းများဆီသို့ ပြိုကျလာသဖြင့် ၂၀၁၁ ခုနှစ်အတွင်း မိသားစု ၄၆ စုပိုင် စပါးခင်းများပျက်ဆီးခဲ့ရသည်။ ၂၀၁၂ ခုနှစ်တွင် ၎င်းမိသားစု ၄၆ စုအပြင် နောက်ထပ်မိသားစု ၁၄ စုပိုင် စိုက်ခင်း များ ထပ်ခါတလည်းလည်း ဖျက်ဆီးခံရသဖြင့် ယခင်နှစ်စပါးထွက်နှုန်း တင်း ၅၀၀ မှ တင်း ၁၅၀ မှ ၂၀၀ အထိ ထွက်နှုန်း လျော့ကျခဲ့သည်။ ၂၀၁၁ ခုနှစ်တွင် မူရင်း မိသားစု ၄၆ စုအား လျော်ကြေးပေးခဲ့ပြီး၊ ၂၀၁၃ ခုနှစ် ဇန်နဝါရီ လ တွင် ၂၀၁၁ ခုနှစ်အတွင်း မြေယာပျက်ဆီးခံခဲ့ရသည့် မိသားစု ၃၈ စု အပါအဝင် မိသားစု ၅၈ စုအား နောက်ထပ် လျော်ကြေး ပေးခဲ့သည်။ [18] မြို့နယ်အုပ်ချုပ်ရေးအရာရှိက ဦးစီးဖွဲ့စည်းသော စုပေါင်းစုံစမ်းရေးအဖွဲ့က ပျက်ဆီးမြေနှင့်ပတ်သက်ပြီး အသေးစိတ်စစ်တမ်းကောက်ယူပြီးနောက် လျော်ကြေးများပေးခဲ့သည်ဟု Daewoo International က ပြောဆိုခဲ့သည်။ ၎င်းစုံစမ်းရေးအဖွဲ့တွင် မြို့နယ်မြေစာရင်းဦးစီးအရာရှိ၊ စိုက်ပျိုးရေး ဌာနအရာရှိ၊MOGE ကိုယ်စားလှယ်၊ MOE ကိုယ်စားလှယ်၊ စက်မှုလယ်ယာစိုက်ပျိုးရေးဌာန နှင့် Daewoo International ၊ ဟွန်ဒိုင်းအကြီးစား စက်မှုလုပ်ငန်း (HHI)ကုန်းတွင်းမှ မြို့နယ်ကိုယ်စားလှယ်အရာရှိများ ပါဝင်ခဲ့သည်။[19] ၂၀၁၁ ခုနှစ်တွင် ပြန်လည်ပြုပြင်ရန် လျော်ကြေးပေးခဲ့သော်လည်း ယခင် မိသားစု ၄၆ စုက လယ်မြေများ ပြန်ပြင်ရန် ပျက်ကွက်ခဲ့ခြင်းသည်။ ထို့ကြောင့်လယ်မြေများ ထပ်ခါထပ်ခါ ပျက်ဆီးနေရခြင်း၏ အကြောင်းရင်းများနက် တစိတ်တပိုင်းဖြစ်သည်ဟု Daewoo International က ပြောဆိုခဲ့သည်။ ရွာသားများက ၎င်းပြောဆိုမှုကို ငြင်းပယ်လိုက်ပြီး လယ်ယာမြေပြုပြင်ရေးအတွက် စက်ယန္တရား ကြီးများလိုအပ်ကြောင်း၊ ၎င်းတို့တွင်မရှိကြောင်းနှင့် Punj Lloyd သို့မဟုတ် အခြားကုမ္ပဏီများအား ကူညီပေး ပါရန် မေတ္တာရပ်ခံထားသော်လည်း ကူညီပေးခြင်းမရှိကြောင်း ပြောဆိုခဲ့သည်။[20]

- ၂၀၁၂ ခုနှစ် ဇွန်လမှ ဇူလိုင်လအထိ SEAGP ပိုက်လိုင်လမ်းကြောင်း နှင့် OGT တည်ဆောက်ခြင်းကြောင့် ဂုံးချိန်၊ မလကျွန်း၊ပျားတဲ နှင့် အုန်းတောကျေးရွာများအနီး ကျေးရွာ ၁၁ ရွာမှ မိသားစု ၁၆၁ စုပိုင် စပါးကွင်း ၁၈၂၄ ဧက ဆိုးဆိုးဝါးဝါးပျက်ဆီးသွားခဲ့ကြောင်း ရခိုင်ဒေသတွင်းမီဒီယာတခုက အစီရင်ခံခဲ့သည်။ ၂၀၁၂ ခုနှစ် ဇွန်လတွင် မိုးသည်းထန်မှုကြောင့် ကုန်းတွင်းသဘာဝဓါတ်ငွေ့ပိုက်လိုင်းလမ်းကြောင်းမှ စ စီးလာသော ရွံ့မြေစီး ကြောင်းကြောင့် ၎င်းဒေသအတွင်း ခန့်မှန်းချေ မိသားစုပေါင်း ၁၅၀ ပိုင်စိုက်ပျိုးမြေများ ပျက်ဆီးခဲ့ရ သည်ဟု ERI က ရရှိသော သတင်းအချက်အလက်များအရ သိရသည်။ SEAGP အတွက် ကုန်းတွင်းဓါတ်ငွေ့ပိုက်လိုင်း လမ်းကြောင်းတည်ဆောက်ပေးသော Punj Lloyd အိန္ဒိယပိုင်ကုမ္ပဏီသည် ပျက်ဆီးဆုံးရှုံးမှုများအတွက် တာဝန် ရှိသည်ဟု ရွာသားများက ပြောဆိုခဲ့ပြီး နစ်နာသူ ရွာသားများက ပျက်ဆီးမြေများပြန်လည်ပြုပြင်ရေးနှင့် လျော်ကြေးပေးရန် တောင်းဆိုခဲ့သည်။ [21] ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် ၎င်းမိသားစုများသည် MOGE မှ

---

17 Interviews #021-2012, #022-2012 in Mu Can, Myanmar. On file with EarthRights International.

18 Interviews #027, 028, 033-2012 in Kyauk Phyu Township, Myanmar. On file with EarthRights International; Email communication with Daewoo International (Jan. 29, 2013). On file with EarthRights International.

19 Email communication with Daewoo International (Jan. 29, 2013). On file with EarthRights International.

20 Interview #005-2103 in Tha Pru Taung village, Kyauk Phyu Township, Myanmar. On file with EarthRights International.

21 Interview #005-2013 in Tha Pru Taung village, Kyauk Phyu Township, Myanmar. On file with EarthRights International.

လျော်ကြေးငွေအနည်းငယ်ရရှိခဲ့သော်လည်း ရွှံ့မြေတပေကျော် (၃၀ စင်တီမီတာ) ဖုံးသွားသော တချို့နေရာများရှိ စိုက်ပျိုးမြေများအား ပြန်လည်ပြုပြင်ပေးခြင်း မရှိပေ။ အကြီးစားစက်ယန္တရားကြီးများ၏ အကူအညီမရပါက ၎င်း စိုက်ပျိုးမြေများသည် သုံးမရသည့်အခြေအနေတွင် ဆက်လက်ရှိနေမြဲဖြစ်သည့်အပြင် လျော်ကြေးငွေသည် နစ်ရှည်သတ်ရောက်မှုများအတွက် လုံလောက်ခြင်းမရှိကြောင်း ရွာသားများက ၎င်းတို့၏ စိုးရိမ်ချက်များကို ထုတ်ဖော်ပြောဆိုခဲ့သည်။ ရေထိန်းချုပ်ခြင်းပြဿနာသည် ဆောက်လုပ်ရေးကန်ထရိုက်လုပ်ငန်းရှင်များကြောင့် ဖြစ်ကြောင်း ၂၀၁၂ ခုနှစ်နှောင်းပိုင်းတွင် SEAGP က အတည်ပြု ပြောကြားခဲ့ပြီး စွမ်းအင်ဝန်ကြီးဌာန နှင့် MOGE မှ တဆင့်ခံကန်ထရိုက်များ နှင့်အရာရှိများက ပျက်ဆီးမှုအား စုံစမ်းလေ့လာခြင်း၊ ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်နေသည်ဟုလည်း အတည်ပြုပြောကြားခဲ့သည်။ [22] သဘာဝဓါတ်ငွေ့ပိုက်လိုင်းကြောင့် ပျက်စီးနစ်နာခဲ့ရသည့် မြေရှင်ကျေးရွာသားများ၏ ခံစားချက်ကို သပြုတောင်ကျေးရွာသားတဦးက ယခုနှစ်အစောပိုင်းတွင် ERI အား အောက်ပါအတိုင်းပြောပြခဲ့သည်။

> *"ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ် ဩဂုတ်လ မိုးတွင်းတုန်းက ပိုက်လိုင်းဆောက်နေတဲ့နေရာတွေကနေ ရွှံ့တွေက ကျနော်တို့စိုက်ခင်းတွေထဲ စီးကျလာတာကြောင့် ကျနော်တို့စပါးပင် အများစု သေကုန်တယ်။ ဒီလ (၂၀၁၃ ခုနှစ် ဇန်နဝါရီလ) ထဲမှာ MOGE က လျော်ကြေးပေးခဲ့တယ်။ အိန္ဒိယကုမ္ပဏီအလုပ်ဆိုဒ်ကို ကျနော်တို့သွားကြတယ်။ ကျနော့်စိုက်ဧက .၄၇ အကျယ်အတွက် လျော်ကြေးငွေ တသိန်းရှစ်သောင်း ရခဲ့တယ်။ အရမ်းနည်းတယ်။ ကျနော်တို့မြေပေါ်မှာ လယ်ထွန်ရတယ်။ လယ်ထွန်ချိန်လည်းမရှိတော့ဘူး။ အဲဒီတော့ မွေးစပါးလည်း မရတော့ဘူး။ ဒီနှစ်မိုးရာသီမှာ ကျနော်တို့ စိုက်တောင် စိုက်နိုင်ပါ့မလားမသိဘူး။ ရွှံ့က တပေ (၁၂ လက်မကျော်) ကျော်အထိမြင့်တယ်။ အိန္ဒိယကုမ္ပဏီကိုရွှံ့တွေဖယ်ပေးဖို့ ကျနော်တို့ တောင်းဆိုထားပြီးဖြစ်တယ်။ ဘူဒိုဇာမောင်းတဲ့ မြန်မာလူမျိုးက ရွှံ့တွေကို ဖယ်ရင် ဘူဒိုဇာ ပျက်မယ်လို့ ကျနော်တို့ကိုပြောတယ်။ တကယ်လို့များနစ်စဉ်လျော်ကြေးပေးနေတဲ့ ဒီကုမ္ပဏီက ကျနော်တို့ လယ်တွေကို ပြန်ပြင်မပေးပဲ ထွက်သွားမှာ စိုးရိမ်တယ်။ ဘူဒိုဇာသုံးပြီး ရွှံ့တွေဖယ်ပေးဖို့က သူတို့အတွက် မခက်ဘူးလို့ ကျနော်ထင်တယ်။ ဒီနှစ်အတွက် ကျနော်တို့မှာ အချိန်သိပ်မရှိတော့ဘူး။ သူတို့ရွှံ့တွေ ဖယ်ပေးရင် ကျနော်တို့ လျော်ကြေးယူစရာ မလိုတော့ဘူး။ သူတို့ လျော်ကြေးပေးတာ ဆိုပေမယ့် မျှတတဲ့လျော်ကြေးတော့ ကျနော်တို့ မရပါဘူး။"*[23]

- ၂၀၁၂ ခုနှစ် ဇွန်လမှ ဩဂုတ်လအတွင်း Punj Lloyd ၏ မြေညှိနေသောတောင်ကုန်း ၄၆ ဧက ဆောက်လုပ်ရေးနေရာ (အမြတ်ထုတ်ခြင်းအခန်းတွင် ဖေါ်ပြထားသည်။) မှ ကျောက်တုံးများ၊ မြေစများ၊ စွန့်ပစ် ရေများ တောင်ကုန်းပတ်လည်အနီး စပါးခင်းများကို ဖုံးသွားခဲ့သည်။ ထို့ကြောင့် နစ်နာသူလယ်သမား များ အတွက် အထွက်နှုန်း သိသိသာသာ ကျဆင်းခဲ့ရသည်။ ၎င်းပျက်ဆီးမှုများအတွက် လျော်ကြေးပေးခြင်း မရှိ ပါ။[24]

- PSC အမည်ရှိသော ကိုရီးယားကုမ္ပဏီ တခုက သဘာဝဓါတ်ငွေ့ပရောဂျက်နှင့် ဆက်စပ်သော ညဖက် ကမ်းလွန်ဒိုင်းနမိုက်ခွဲခြင်းများ လုပ်နေသဖြင့် မိရိုးဖလာတံငါလုပ်ငန်းများနှင့် ငါးဖမ်းပိုက်များ ပျက်ဆီးကုန် ရသည်ဟု ၂၀၁၂ခုနှစ် ဖေဖေါ်ဝါရီလတွင် ဂုံချောအင်း နှင့် မလာကျွန်းကျေးရွာအနီး ရမ်းဗြဲကျွန်းနေ ရွာသားများက ပြောဆိုခဲ့သည်။ ရမ်းဗြဲကျွန်းမှ တံငါသည်များသည် ငါးအရနည်းသော ချောက်မိုင်ဝေးသော ပင်လယ်ထဲအထိ

---

22 Email communication with Daewoo International (Nov. 16, 2012). On file with EarthRights International.

23 Interview #005-2013 in Tha Pru Taung village, Kyauk Phyu Township, Myanmar. On file with EarthRights International.

24 Interview #034-2012 in Kyauk Phyu Township, Myanmar. On file with EarthRights International.

သွားပြီးငါးရှာရသည်။ ပျက်ဆီးမှု (သို့မဟုတ်) အခြေပျက်မှုများအတွက် လျော်ကြေးပေးခြင်း မရှိပါ။[25] HHI ၏ တဆင့်ခံ ကန်ထရိုက်တာ PSC သည် ရွှေစီမံကိန်းအတွင်း မည်သည့်နေရာတွင်မှ ဒိုင်းနမိုက် ခွဲခြင်း လုပ်ငန်း များ လုပ်ဆောင်ခြင်းမရှိဟု ဒေဝူးနိုင်ငံတကာက ငြင်းဆန်ခဲ့ပြီး ညဖက် ဆူညံသံများ ကြားရမှုနှင့်ပတ်သက်ပြီး ရှင်းလင်းချက်အဖြစ် ၂၄ နာရီကြာ ရှာဖွေရေးလုပ်နေစဉ်အတွင်း ကုမ္ပဏီသည် နိုင်ငံတကာစည်းမျဉ်းများအား အကောင်းဆုံးလိုက်နာဆောင်ရွက်နေသည်ဟု ပြောဆိုခဲ့သည်။ Daewoo International က ထိုဒေသအတွင်း ဆောင်ရွက်နေသော တခြားကုမ္ပဏီများနှင့်ပတ်သက်၍ ပြဿနာတက်နိုင်သည်ဟူသော အကြောင်းပြချက်နှင့် ထုတ်ဖော်ပြောဆိုရန် ငြင်းဆန်ခဲ့သည်။ ရေတိမ်ပိုင်းအပြင်ဖက်သို့ ငါးရှာစားနေရသော်လည်း ၎င်းနေရာသည် ငါးဖမ်းရန်အတွက် ဥပဒေဘောင်းအတွင်း သတ်မှတ်ချက်အတွင်း ရှိနေသေးသဖြင့် ယခုကဲ့သို့ နေရာပြောင်းရွှေ့ ဖမ်းစာရှာရခြင်းအတွက် လျော်ကြေးပေးစရာမလိုကြောင်း Daewoo International က မှတ်ချက်ပြုခဲ့သည်။

## ပွင့်လင်းမြင်သာမှု

ပိုက်လိုင်းလမ်းကြောင်းတလျှောက် ဆောက်လုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသော မြန်မာအစိုးရ နှင့် ကုမ္ပဏီများသည် မြေယာသိမ်းဆည်းခြင်းလုပ်ငန်းစဉ်အား ပြည့်ပြည့်ဝဝရှင်းပြရန် ပျက်ကွက်ခဲ့သည်။ လျော်ကြေးငွေ အား မည်သို့ တွက်ချက်သည်၊ ၎င်းတို့ပိုင်မြေပြန်မပေးခင် မြေပေါ်တွင် ကာလမည်မျှကြာကြာ ဆောက်လုပ်ရေး လုပ်ကိုင် မည် နှင့် ၎င်းတို့ရွာရှိ တခြားမြေကွက်များတန်ဘိုးထက် အဘယ်ကြောင့် ၎င်းတို့မြေကွက်တန်းဘိုးနည်းရသနည်း စသည့် အချက်များကို ရွာသားများ နားမလည်ကြောင်း ဖြစ်ရပ်တော်တော်များများတွင် ရွာသားများက ERI ကို ပြောဆိုခဲ့သည်။ လျော်ကြေးပေးခြင်းပုံစံအား တင်ကြိုဖော်ပြထားသည်ဟု Daewoo International နှင့် SEAGP နှစ်ဖွဲ့စလုံး၏ တုန့်ပြန်ချက် များတွင်ဖော်ပြထားသည်။[26] သို့သော် ၎င်းတို့စကားနှင့် ရွာသားများနှင့် ထပ်တူမကျသည်ကိုတွေ့ရသည်။ လျော်ကြေးပေးခြင်းနှင့်ပတ်သက်ပြီး ပွင့်လင်းမြင်သာမှု အားနည်းခြင်းအပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လေ့လာအကဲခတ်ခြင်း၊ လူမှုရေးထိခိုက်မှုလေ့လာအကဲခတ်ခြင်း နှင့် လူသားထိခိုက်မှုလေ့လာအကဲခတ်ခြင်းများ အပါအဝင် တခြားအရေးကြီးသော သတင်းအချက်အလက်များ ထုတ်ဖော်ပြောဆိုခြင်းများတွင်ပါ အားနည်းချက်များ ဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။

- လျော်ကြေးငွေသဘောတူညီချက် အပြီးမသတ်ခင်တွင် လျော်ကြေးပေးသည့်ပုံစံအား ရှင်းရှင်းလင်းလင်း တင်ပြခြင်းမရှိခြင်း နှင့် ငါးနှစ်စာ လျော်ကြေးငွေရယူခြင်းသည် မြေအား တသတ်တာအသုံးပြုခွင့်ပေးခြင်း ဖြစ်ပြီး သုံးနှစ်စာ လျော်ကြေးယူခြင်းသဘောတူညီချက်သည် ယာယီမြေအသုံးပြုခွင့်သာ ပေးခြင်းဖြစ်သည်ဟု ၎င်းတို့ မသိကြောင်း ရွာသားများက ERI သို့ ပြောဆိုခဲ့သည်။[27] မြေယာအသုံးပြုခြင်းများအား မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာနှင့် ရှင်းလင်းပြောဆိုမှတ်တမ်းတင်ထားကြောင်းနှင့် ဒေဝူးနိုင်ငံတကာ၏ ၂၀၀၉-၂၀၁၀ မြေယာ အသုံးပြုခြင်းလုပ်ငန်းမူဝါဒနှင့်အညီ ဆောင်ရွက်ကြောင်း Daewoo International က ERI သို့ ရှင်းလင်း ပြောဆိုခဲ့ သည်။[28] အလားတူပင် SEAGP ကလည်း ဒေသခံပြည်သူများအား မြန်မာဘာသာ၊ အင်္ဂလိပ်ဘာသာ နှစ် ဘာသာဖြင့် လုပ်ငန်းစဉ်အား ရှင်းလင်းပြောဆိုကြောင်း၊ ရွာသားများနှင့် သီးခြား သဘောတူညီချက် နှစ်ခု

---

[25] Interviews #032-2012 in Kyauk Phyu Township, #08-2012 in Mala Kyun, Myanmar. On file with EarthRights International.

[26] Email communication with Daewoo International & SEAGP (Sept. 25, 2012). On file with EarthRights International.

[27] Interviews #001-2012 in Kun Su, #022-2012 in Mu Can, Myanmar. On file with EarthRights International.

[28] Email communication with Daewoo International (Nov. 16, 2012). On file with EarthRights International.

ချုပ်ဆိုကြောင်း၊ တခုမှာ မြေယာအသုံးပြုခြင်း နှင့် နောက်တခုမှာ မြေယာရယူ အသုံးပြုခြင်းတို့ဖြစ်ကြောင်း ရှင်းလင်းပြောဆိုခဲ့သည်။ [29]

- ယနေ့အချိန်အထိ သဘာဂပတ်ဂန်းကျင်သတ်ရောက်မှု လေ့လာသုံးသပ်ချက် (EIA) သို့မဟုတ် လူမှုရေး သတ်ရောက်မှု လေ့လာသုံးသပ်ချက် (SIA) နှစ်မျိုးစလုံးကို စီမံကိန်းကုမ္ပဏီများက လူသိရှင်ကြား ထုတ်ပြန်ခြင်းမရှိသေးပေ။ ERI က လူသိရှင်ကြားထုတ်ပြန်ပေးရန် တောင်းဆိုပြီးနောက်ပိုင်းတွင် ဒေဂူးနိုင်ငံ တကာက "ယခုစီမံကိန်းအပေါ် ဆန့်ကျင်ဖက်အမြင်ရှိသူများနှင့် အဆုံးမရှိ၊ အကျိုးမရှိ ငြင်းခုံချက်များ ဖြစ်စေ နိုင်" သည်ဟု ဒေဂူးနိုင်ငံတကာက ယုံကြည်သောကြောင့် သတ်ရောက်မှု လေ့လာ သုံးသပ်ချက်များကို ထိန်းသိမ်းထားရန် ဆုံးဖြတ်ခဲ့သည်ဟုဆိုသည်။ [30] ပိုက်လိုင်းစမ်းသပ်ရေစွန့်ပစ်ခြင်းနှင့် စွန့်ပစ်ပစ္စည်းများကြောင့် သတ်ရောက်မှု အတော်အတန် ရှိနိုင်သည်မှအပ ပရောဂျက်ကြောင့် သတ်ရောက်မှုအများစုသည် အသေးအမွှား သာဖြစ်နိုင်ကြောင်း EIA က အကြံပြုထားကြောင်း ဒေဂူးနိုင်ငံတကာက ပြောဆိုခဲ့သည်။[31]

**ဒေသခံပြည်သူများ၏ ခရီးသွားလာမှုအပေါ် ကန့်သတ်ချုပ်ချယ်ခြင်း**

ပိုက်လိုင်းလမ်းကြောင်းတလျှောက် ဆောက်လုပ်ရေးလုပ်ငန်းများကြောင့် လုံခြုံရေးဂိတ်များချထားခြင်း၊ ဆောက်လုပ်ရေး ကားများကြောင့် ဒေသခံများ၏လမ်းများ ပျက်ဆီးခြင်း နှင့် လမ်းများအောက် ပိုက်လုံးများ ဖြစ်သလိုမြုပ်နှံခြင်းများကြောင့် ဒေသခံပြည်သူများ၏ သွားလာမှုကို အကန့်အသတ်ဖြစ်စေသည်။လိုရာခရီးသွားမှုအပေါ် သတ်ရောက်မှုများရှိနေခြင်း ကြောင့် ပြည်သူများအတွက် ငွေကြေးအရဂန်ပိခြင်း၊ အချိန်ပိုပေးရခြင်းနှင့် ရွာသားများ၏ လုံခြုံမှုကိုပါ ထိခိုက်စေနိုင်သည်။ ဒေသခံသုံးလမ်းမများ ပျက်ဆီးရခြင်းကို ဒေဂူးနိုင်ငံတကာနှင့် SEAGP က အသိအမှတ်ပြုလက်ခံပြီး ပြန်လည်ပြုပြင် ပေးသည်။ သို့သော် ပုံမှန်ပျက်ဆီးမှုများအတွက် အချိန်မှီပြင်ဆင်ပေးခြင်းမရှိပေ။

- မလကျွန်းကျေးရွာ နှင့် ဂုံးချွိန်ကျွန်းကျေးရွာ အကြား Daewoo International ဓါတ်ငွေ့သိုလှောင်စက်ရုံ အနီးတွင် ကျောက်ဖြူမြို့နယ်ရဲတပ်ဖွဲ့ နှင့် ခမရ ၅၄၃ တို့က လုံခြုံရေးစစ်ဆေးရေးဂိတ်အား ၂ဂ၁ဂ ခုနှစ်တွင် စဖွင့်ခဲ့သည်။ တရားဂင်ညမထွက်ရအမိန့်ထုတ်ပြန်ထားခြင်းမရှိပဲ ညအချိန် ၎င်းစစ်ဆေးရေးဂိတ်အား ဖြတ်လိုက်သဖြင့် အစောင့်များကို ကျပ်ငွေ သုံးသောင်း (USD 35 ) ခန့် ပေးရသည်ဟု ၂ဂ၁၂ ခုနှစ် ဖေဖေါ်ဂါရီလတွင် ရွာသားများက အစီရင်ခံခဲ့သည်။ [32] ။ နှိုင်းယှဉ်ကြည့်ပါက ရွာသားများ၏ ဂင်ငွေသည် တနေ့လ ၂ျင် ၂ဂဂဂ ကျပ်ထက်မပိုပေ။ ကန့်သတ်နာရီများအတွင်း ၎င်းရွာများမှ ဒေသခံရွာသားများသည် ခရီးသွားလာခွင့်မရှိပေ။

- မလကျွန်း၊ ဂုံးချွိန် နှင့် အုန်းတောကျေးရွာများအကြား ဒေသတွင်းလမ်းများနှင့် ယခင်ကတည်းက ဆက်သွယ် ထားသည်။ သို့သော် ဆောက်လုပ်ရေးကားများကြောင့် လမ်းများအလွန်အမင်းပျက်စီးသွားခဲ့ရပြီး မိုးရွာပြီး သည်နှင့် လုံးဂသုံးမရသည့် အခြေအနေသို့ရောက်ခဲ့သည်။ [33] Daewoo International က MGC အား ကန်ထရိုက်ပေး၍ လမ်းပြင်ခိုင်းခဲ့သော်လည်း MGC က အဓိကပျက်စီးမှုများအတွက် ထိထိရောက်ရောက် ပြင်ဆင်ပေးခြင်းမရှိသဖြင့် ပုံမှန်အခြေအနေသို့ရောက်ခဲ့သည်။ ဒေဂူးနိုင်ငံတကာက ၎င်းပြဿနာကို

---

[29] Email communication with Daewoo International (Nov. 16, 2012). On file with EarthRights International.

[30] *Id.*

[31] *Id.*

[32] Interview #018-2012 in Mala Kyun, Myanmar. On file with EarthRights International.

[33] Interview #012-2012 in Mala Kyun, Myanmar. On file with EarthRights International

သိရှိလက်ခံပြီး မလကျွန်း နှင့် ဂုံးချိန်ကျေးရွာတပိုက် လမ်းများ ပြင်ဆင်ထိန်းသိမ်းရန် လုပ်ငန်းအား MGC က ဆက်လက်လုပ်ကိုင်နေသည်ဟု အတည်ပြုပြောကြားခဲ့သည်။ Daewoo International သည် PSC အား ၂၀၁၂ ခုနှစ် မတ်လတွင် တဆင့်ခံ ကန်ထရိုက် ပေး၍ နောက်ထပ်လမ်းများ ပြုပြင်ခိုင်းခဲ့ပြီး ၂၀၁၃ ခုနှစ် မေလတွင် အဆုံးသတ်ရန် သတ်မှတ်ထားသည်။[34]

- SEAGP (သို့မဟုတ်) SEAOP အတွက် တဆင့်ခံ ကွန်ထရက်လုပ်သော အမည်မသိတရုတ် ကုမ္ပဏီသည် ပိုက်လိုင်းများ မြေအောက်ချပြီး ဒေသခံလမ်းများကို သေသေချာချာ ပြန်လည်ပြင်ဆင်ပေးခြင်းမရှိသဖြင့် မန္တလေးတိုင်း၊ ရေနံချောင်းမြို့နယ်အတွင်းရှိ ကန်ဂ၊ ဒေါင်းဦး နှင့် ဂွေးဆောင်းကျေးရွာသားများအတွက် အလွန်အန္တရာယ်များသော လမ်းပန်းဆက်သွယ်မှု ဖြစ်စေခဲ့သည်။ လမ်းဆိုးသောကြောင့် ၂၀၁၂ ခုနှစ်အတွင်း မော်တော်ဆိုင်ကယ် မတော်တဆ ထိခိုက်မှု ၃ ကြိမ် နှင့် ကား မတော်တစထိခိုက်မှု နှစ်ကြိမ်ဖြစ်ခဲ့သည်ဟု ဒေသခံရွာများက ပြောဆိုသည်။[35]

## မလုံလောက်သောကော်ပိုရေးရှင်းလူမှုရေးစာနာမှုအထောက်အပံ့အစီအစဉ်များ

၂၀၀၆ခုနှစ်စ၍ Daewoo International သည် ၎င်းတို့စီမံကိန်းဒေသနှင့် မြန်မာနိုင်ငံ၏ တခြားနေရာများတွင် ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု နှင့် ရေသုံးစနစ်များအတွက် ကော်ပိုရေးရှင်းလူမှုရေးစာနာမှုအထောက်အပံ့များ ပြုလုပ်ပေးသည်။ လတ်တလောကာလတွင် CNPC သည် ကျန်းမာရေးဆေးပေးခန်းများ နှင့် စာသင်ကျောင်းများအတွက် ငွေများ စတင် လှူဒါန်းခဲ့သည်။ ထိုသို့ လှူဒါန်းခြင်းများပြုလုပ်ခဲ့သော်လည်း ERI နှင့် တခြားသူများ ရရှိသော သတင်းအချက်အလက်များအရ လူမှုရေးစာနာမှုအထောက်အပံ့အစီအစဉ်များတွင် သိသိသာသာ နည်းပါးလာသည်ကိုတွေ့ရသည်။ ၂၀၁၁ ခုနှစ်တွင် အစီရင်ခံခဲ့သည့်အတိုင်း မြန်မာနိုင်ငံအလယ်ပိုင်းတွင် ၂၀၀၉ ခုနှစ် ဒေဝူးနိုင်ငံတကာက ငွေကြေးထောက်ပံ့သော ကျန်းမာရေးဆေးပေးခန်းသည် အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်းနှင့် ဆက်နွယ်ခဲ့သည်။[36] လှူဒါန်းပေးသော ဆေးပေးခန်းများသည် လမ်းမကြီးများနှင့် နီးစပ်သော ကျေးရွာများအတွက်သာ ဖြစ်ကြောင်းနှင့် ပြင်ပမှ လာကြည့်သူများအတွက် ကော်ပိုရေးရှင်း၏ လူမှုစာနာမှုအထောက်အပံ့ ပြကောင်းရန် အတွက်သာဖြစ်သည်ဟု ကျေးရွာသားများက အခိုင်အမာပြောဆိုခဲ့သည်။ ပရောဂျက်ကြောင့်နစ်နာရသော လူသူမနီး ဒေသများရှိ တခြား လူမှုအသိုင်းအဝန်းများသည် ကော်ပိုရေးရှင်းအလှူအား မဆိုသလောက်သာ ရရှိခြင်း (သို့မဟုတ်) လုံးဝမရကြပေ။

- ၂၀၁၁ ခုနှစ်တွင် ဒေဝူးနိုင်ငံတကာ၏ ကော်ပိုရေးရှင်းလူမှုစာနာမှုအထောက်အပံ့လုပ်ငန်းတခုအဖြစ် ဂုံးချိန်ကျေးရွာတွင် စာသင်ကျောင်းတခုဆောက်ရန် မြန်မာကုမ္ပဏီအား တဆင့်ခံ ကန်ထရိုက်ပေးခဲ့သည်။ ၂၀၁၂ ခုနှစ် ဇူလိုင်တွင် ကျောင်းဆောက်လုပ်မှု ပြီးဆုံးခဲ့သော်လည်း မိသားစုများက ၎င်းတို့၏ ကလေးများကို ကျောင်းသို့ ပို့ရန် ငြင်းဆန်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် စာသင်ကျောင်းအား ဖြစ်ကတတ်ဆန်း ဆောက်ထားသည့် အပြင် ကလေးများအတွက် အန္တရာယ်ရှိသော အခြေအနေဖြစ်သည်။[37] ၎င်းစွတ်စွဲချက်အားတုန့်ပြသည့်အနေနှင့် Daewoo Internatioal က အဆိုပါ ပြဿနာဖြစ်နေသော စာသင်ကျောင်းသည် ၎င်းတို့၏ စာသင်ကျောင်း

---

34 Email communication with Daewoo International (Nov. 21, 2012). On file with EarthRights International.

35 Conversations between EarthRights International and impacted villagers from Kanga, Daung Oo and Gway Saung villages, Mandalay Division (June 2012).

36 EarthRights International, *The Myanmar-China Pipelines: Human Rights Violations, Applicable Law, and Revenue Secrecy*, at 12 (March 2011), *available at* http://www.earthrights.org/.

37 Interview #032-2012 in Kyauk Phyu Township, Myanmar. On file with EarthRights International.

တည်ဆောက်ခြင်း လုပ်ငန်း၏ တစိတ်တပိုင်းဖြစ်သည်ဟူသော အချက်ကို ငြင်းဆိုခဲ့ပြီး ၎င်းတည်ဆောက်နေသော ဂုံးချိန်ရွာအထက်တန်းကျောင်း၊ စစ်တွေအထက်တန်းကျောင်းနှင့် မလကျွန်းမူလတန်းကြောင်းတို့နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ERI သို့ပေးခဲ့သည်။ [38] စာသင်ကျောင်းအားလုံးအား သီးခြားစစ်ဆေးသူ၏ ကြီးကြပ်မှုအောက်တွင် စစ်ဆေးခဲ့ပြီးမှ မြန်မာနိုင်ငံပညာရေးဌာနသို့ လွှဲပြောင်းပေးခြင်းဖြစ်ကြောင်း Daewoo International က ERI သို့ ပြောဆိုခဲ့သည်။[39]

- ရွာအနီးဖြတ်သွားသော သဘာဝဓါတ်ငွေ့ပိုက်လိုင်းနှင့်သက်ဆိုင်သော ဆောက်လုပ်ရေးကြောင့် လယ်မြေများ ပျက်စီးခဲ့ရပြီး စားကျက်မြေအား လျော်ကြေးမပေး သိမ်းယူခဲ့သည်ဟု ကျောက်ဖြူမြို့နယ် ကြက်တင် ကျေးရွာမှ ရွာသားများက ပြောဆိုခဲ့သည်။ သက်ဆိုင်ရာကုမ္ပဏီထံမှ လျော်ကြေးအနည်းငယ် ရရှိခဲ့သည်။ ၎င်းတို့ရွာသည် လမ်းမကြီးနှင့် ဝေးသောကြောင့် တခြားရွာများကဲ့သို့ စာသင်ကျောင်း၊ ဆေးပေးခန်းစသဖြင့် ကော်ပိုရေးရှင်းလူမှုစာနာမှုအထောက်အပံ့များ မရကြောင်း ပြောဆိုခဲ့သည်။[40]

  *"ကျနော်တို့ရွာအတွက် ကုလားကုမ္ပဏီဆီကရော တရုတ်ကုမ္ပဏီဆီကပါ ဘာအကျိုးအမြတ်မှ မရပါဘူး။ ဒီကုမ္ပဏီတွေက ဒီနေရာမှာ လာလုပ်နေကြတယ်။ ကျနော်တို့ဒေသခံတွေက အများကြီးဆုံးရှုံးတယ်။ ကျနော်တို့ လယ်မြေတွေ သူတို့ ဖျက်ဆီးတယ်။ ရွှေကုမ္ပဏီဆီကလှူထားတဲ့ စာသင်ကျောင်းတွေ ဂုံးချိန်၊ ပြိုင်းစိပ်ကော၊ကန္ဒီ ရွာတွေမှာ တွေ့ရမယ်။ အဲဒီရွာတွေကို ဘာလို့လှူလဲဆိုတော့ အဲဒီရွာတွေက ရန်ကုန်ကျောက်ဖြူ ကားလမ်းမကြီးဘေးက ရွာတွေဖြစ်လို့။ အစိုးရလူကြီးတွေလာရင် သူတို့လှူထားတဲ့ စာသင်ကျောင်းတွေတွေ့ရမှာပေ့ါ။ ကျနော်တို့ရွာက လမ်းမကြီးနဲ့ အဝေးကြီးလေ။ ကျနော်တို့ရွာကို ဘယ်သူမှမမြင်ဘူး။"*[41]

- ကုန်းတွင်းသဘာဝဓါတ်ငွေ့ပိုက်လိုင်းသည် ကျောက်ဖြူမြို့နယ် ပျားတဲကျေးရွာအားဖြတ်သွားသဖြင့် ဆောက်လုပ်ရေးကာလအတွင်း စိုက်ပျိုးမြေများပျက်ဆီးခဲ့ရာ ၂၀၁၂ ခုနှစ် နှင့် ၂၀၁၃ ခုနှစ်တွင် လျော်ကြေးတချို့ ရရှိခဲ့သည်။ ၎င်းတို့ရွာသည် လမ်းမကြီးနှင့် မနီးသဖြင့် ရွှေ (သို့မဟုတ်) ပိုက်လိုင်းတည်ဆောက်သော ကုမ္ပဏီများထံမှ စာသင်ကျောင်း၊ ကျန်းမာရေးဆေးပေးခန်းနှင့် တခြား လိုအပ်သော အခြေခံအဆောက်အအုံများ ရရှိခြင်းမရှိဟု ရွာသားများက ပြောဆိုခဲ့သည်။ ၂၀၁၃ခုနှစ်တွင် ဒေသခံရွာသားတဦးက ERI သို့ အောက်ပါအတိုင်းပြောဆိုခဲ့သည်။

  *ကျနော်တို့ရွာမှာ အိမ်ထောင်စု ၁၅၀ လောက်ရှိတယ်။ ညေဝတီရေတပ်စခန်းက ဖွင့်ထားတဲ့ ဆေးပေးခန်း သေးသေးလေး တခုရှိတယ်။ ကုမ္ပဏီတွေက ကျနော်တို့အတွက် ဘာမှ မလှူပါဘူး။ အဲဒီကုမ္ပဏီတွေကြောင့်ပဲ ကျနော်တို့ ပြဿနာပေါင်းများစွာ ကြုံခဲ့ရတယ်။ လမ်းမကြီးနဘေးက ရွာတချို့ကိုတော့သူတို့ နည်းနည်းပါးပါးလှူတယ်။ ကျနော်တို့မှာ အစိုးရ မူလတန်းကျောင်းတကျောင်းပဲရှိတယ်။ ကလေးတွေက အလယ်တန်းတက်ဖို့ သစ်ပုတ်တောင်ရွာမှာ သွားတက်ရတယ်။*[42]

---

[38] Email communication with Daewoo International (Nov. 19, 2012). On file with EarthRights International.

[39] Email communication with Daewoo International (Sept. 25, 2012). On file with EarthRights International.

[40] Interview #006-2013 in Kye Tin village, Kyauk Phyu Township, Myanmar (Jan. 2013). On file with EarthRights International.

[41] *Id.*

[42] Interview #007 in Pyar Tay village, Kyauk Phyu Township, Myanmar (Jan. 2013). On file with EarthRights International.

## အကြံပြုချက်များ

မြန်မာ-တရုတ်ပိုက်လိုင်းပရောဂျက်များတွင် ပါဝင်ရင်းနှီးမြုပ်နှံလုပ်ကိုင်နေသော ကုမ္ပဏီများ

- မြန်မာတရုတ်ပိုက်လိုင်းစောင့်ကြည့်ရေးကော်မတီ[43] အပါအဝင်မြန်မာနိုင်ငံ လူထုအခြေပြုလူမှုအဖွဲ့အစည်းများ၏ တောင်းဆိုချက်များအတိုင်း လက်ရှိပရောဂျက်များကြောင့် ဆိုးကျိုးသတ်ရောက်မှုများ နောက်ဆက်တွဲမဖြစ်စေရန် အထူးသဖြင့် ရှမ်းပြည်မြောက်ပိုင်းအပါအဝင် အရေးကြီးသော ဒေသများတလျှောက် ဖြတ်သန်းဆောက်လုပ်သွားမည့် လုပ်ငန်းများကြောင့် နောက်ဆက်တွဲ ဆိုးကျိုးများမဖြစ်စေရန် လုံလောက်သော ကာကွယ်ထိန်းသိမ်းမှုများ ရှိသည်အထိ လုပ်ငန်းအားလုံးအား ချက်ချင်း ရပ်ဆိုင်းထားရန်။ နောက်ပြီး ဒေသခံများအတွက်အကျိုးအမြတ်ဖြစ်စေသော လျပ်စစ်မီးရရှိရေးနှင့်ရေရှည်အလုပ်အကိုင်ရရှိရေးတို့ အတွက်လည်း ထောက်ပံ့လုပ်ဆောင်ပေးရမည်။

- စီမံကိန်းလုပ်ငန်းများကြောင့် ဒုက္ခရောက်လူမှုအသိုင်းအဝန်းများ၊ မြန်မာ-တရုတ်ပိုက်လိုင်းစောင့်ကြည့်ရေး ကော်မတီ နှင့် အဓိပ္ပါယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန်

- လုပ်ငန်းပရောဂျက်သက်တမ်းအတွင်းနှင့် အပြီးကာလများအတွက် ပိုက်လိုင်းတလျှောက် သဘာဝပတ်ဝန်းကျင် နှင့် လူ့အခွင့်အရေးသတ်ရောက်မှုများနှင့်ပတ်သက်၍ သီးခြားအဖွဲ့အစည်းတခုက လွတ်လပ်သော၊ မိမ္မဋ္ဌာန်ကျသော၊ အချက်အလက်အရ မှန်ကန်သော လေ့လာမှုများ ပြုလုပ်သွားရန်။ ၎င်းလုပ်ငန်းစဉ်အတွင်း ဒေသခံပြည်သူများ၏ အပြည့်အဝ နှင့် လွတ်လပ်သော ပူးပေါင်းဆောင်ရွက်မှု ထည့်သွင်းရန် နှင့် လေ့လာတွေ့ရှိချက်တခုလုံးအား အင်္ဂလိပ်ဘာသာ၊ ဒေသခံဘာသာနှစ်မျိုးစလုံးဖြင့် လူသိရှင်ကြား ထုတ်ဖော်ပြသရန်။

- ဌာနေတိုင်းရင်းသားအခွင့်အရေးတခုအဖြစ်အသိအမှတ်ပြု၍ လုပ်ငန်းရည်မှန်းချက်အား လွတ်လပ်စွာ ဆောင်ရွက်ခြင်း၊ တင်ကြိုအသိပေးပေးခြင်း နှင့် အချက်အလက်ကောက်ယူသည့် သီးခြားအဖွဲ့အစည်းအား ကုမ္ပဏီ ရည်ရွယ်ထားသော လုပ်ငန်းများနှင့်ဆက်စပ်ဆောင်ရွက်ရာတွင် ၎င်းအခွင့်အရေးများကို အသိအမှတ်ပြု လိုက်နာမှု ရှိစေရန်။

- မြန်မာနိုင်ငံအစိုးရ လုံခြုံရေးတပ်ဖွဲ့များသို့ ပေးရသည့် ငွေကြေးပမာဏအပါအဝင် နိုင်ငံတော်နှင့် ဒေသဆိုင်ရာ မြန်မာအာဏာပိုင်များသို့ပေးချေမှုအားလုံးအား လုပ်ငန်းအခြေပြု အချက်အလက်များတွင် သီးခြားဖော်ပြရန်

[43] မြန်မာ-တရုတ်ပိုက်လိုင်းစောင့်ကြည့်ရေးကော်မတီစာတမ်းကိုဤဂက်ဆိုက်တွင်ကြည့်နိုင်ပါသည် http://www.narinjara.com/burmese/?p=2442; နောက်ပြီးမြန်မာ-တရုတ်ပိုက်လိုင်းစောင့်ကြည့်ရေးကော်မတီ၏ဒုတိယအကြိမ်ထုတ်ပြန်သောစာတမ်းကိုဤဂက်ဆိုက်တွင်ကြည့်နိုင်ပါသည် *(Dec. 24, 2012), at http://www.scribd.com/embeds/118095744/content*

- တရားဝင်မြေပိုင်ဆိုင်ခွင့် ဂရံရှိထားသည်ဖြစ်စေ မရှိသည်ဖြစ်စေ စီမံကိန်းနှင့် ဆက်စပ်သော မြေယာ နှင့် အသက်မွေးဝမ်းကြောင်းမှု ဆုံးရှုံးမှုများအတွက် နစ်နာသူ တဦးချင်းအရသော်လည်းကောင်း၊ လူမှု အသိုင်းအဝိုင်းကိုသော်လည်းကောင်း လုံလောက်သော လျော်ကြေးများပေးရန်။ လျော်ကြေးအား နစ်နာသူထံသို့ တိုက်ရိုက်ပေးရန်။

- မြေယာရယူအသုံးပြုခြင်း၊ ပျက်ဆီးမြေအတွက် လျော်ကြေးပေးမှုများနှင့်ပတ်သက်ပြီး ခြစားမှုစွတ်စွဲချက်များအား စီမံကိန်းတွင် ပါဝင်သော ကုမ္ပဏီများ က စုံစမ်းဖော်ထုတ်သင့်ပြီး ၎င်းလာဘ်ပေးလာဘ်ယူမှုတွင် ပါဝင်နိုင်သည်ဟု တွေ့ရှိရသော ကုမ္ပဏီများ၊ နိုင်ငံတော်အေးဂျင့်များ နှင့် လူတဦးချင်းလိုက်အား စီမံကိန်းလုပ်ငန်းများတွင် ပါဝင်ခြင်းမှ တားမြစ်သင့်သည်။ နောက်ပြီးတာဝန်ရှိသောကုမ္ပဏီများမှလည်းလူတဦးချင်းအလိုက် လာဘ်ပေးလာဘ်ယူမှုတွင်ပါဝင်ပတ်သက်သည့်ဟုသံသယဖြစ်စေနိုင်သောသူများအား ဥပဒေနှင့်အညီစွဲချက်တင်မှုကို ကူညီသင့်သည်။

**မြန်မာအစိုးရအာဏာပိုင်များသို့**

- မြန်မာတရုတ်ပိုက်လိုင်းစောင့်ကြည့်ရေးကော်မတီ[44] အပါအဝင်မြန်မာနိုင်ငံ လူထုအခြေပြုလူမှုအဖွဲ့အစည်းများ၏ တောင်းဆိုချက်များအတိုင်း လက်ရှိစီမံကိန်းများကြောင့် ဆိုးကျိုးသက်ရောက်မှုများ နောက်ဆက်တွဲမဖြစ်စေရန် အထူးသဖြင့် ရှမ်းပြည်မြောက်ပိုင်းအပါအဝင် အရေးကြီးသော ဒေသများတလေ ျှာက် ဖြတ်သန်းဆောက်လုပ်သွားမည့် လုပ်ငန်းများကြောင့် နောက်ဆက်တွဲ ဆိုးကျိုးများမဖြစ်စေရန် လုံလောက်သော ကာကွယ်ထိန်းသိမ်းမှုများ ရှိသည်အထိ လုပ်ငန်းအားလုံးအား ချက်ချင်း ရပ်ဆိုင်းထားရန်။ နောက်ပြီး ဒေသခံများအတွက်အကျိုးအမြတ်ဖြစ်စေသော လျှပ်စစ်မီးရရှိရေးနှင့်ရေရှည်အလုပ်အကိုင်ရရှိရေးတို့ အတွက်လည်း ထောက်ပံ့လုပ်ဆောင်ပေးရမည်။

- စီမံကိန်းနှင့်ဆက်နွယ်သော စွတ်စွဲထားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်ပြီး လွတ်လပ်သော၊ ဘက်လိုက်မှုမရှိသော၊ ဂုဏ်သိက္ခာရှိသော စုံစမ်းဖော်ထုတ်မှုများကို ချက်ချင်းခွင့်ပြုရန်။

- သဘာဝအရင်းအမြစ်ထုတ်ယူခြင်း လုပ်ငန်းစီမံချက်များနှင့်ပတ်သက်၍ တိကျသော သဘာဝပတ်ဝန်းကျင်၊ လူမှုရေးနှင့် လူ့အခွင့်အရေးသက်ရောက်မှု လေ့လာချက်များ မဖြစ်မနေလုပ်ဆောင်ရမည့် ဥပဒေများ ပြဋ္ဌာန်းအကောင်အထည်ဖော်ရန်။

---

[44] မြန်မာ-တရုတ်ပိုက်လိုင်းစောင့်ကြည့်ရေးကော်မတီစာတမ်းကိုဤဂက်ဆိုက်တွင်ကြည့်နိုင်ပါသည် http://www.narinjara.com/burmese/?p=2442; နောက်ပြီးမြန်မာ-တရုတ်ပိုက်လိုင်းစောင့်ကြည့်ရေးကော်မတီ၏ဒုတိယအကြိမ်းထုတ်ပြန်သောစာတမ်းကိုဤဂက်ဆိုက်တွင်ကြည့်နိုင်ပါသည် *(Dec. 24, 2012), at* *http://www.scribd.com/embeds/118095744/content*

- မြန်မာနိုင်ငံနယ်စပ်အတါင်း စီးပွားရေးလုပ်ကိုင်နေသော ရေနံ၊သဘာဝဓါတ်ငွေ့၊ ဓါတ်သတ္တုတူးဖေါ်ခြင်း၊ သစ်ထုတ်ခြင်း နှင့် ရေအားလျှပ်စစ်ထုတ်ယူသော ကုမ္ပဏီများအား ငွေပေးချေပြုလုပ်ရာတွင် ပွင့်လင်းမြင်သာမှု မဖြစ်မနေရှိရမည့် ဥပဒေများ ပြဌာန်းအကောင်အထည်ဖေါ်ရန်။

- မျှတသော မြေယာအသုံးပြုခြင်း၊ မှတ်ပုံတင်ခြင်း နှင့် လျော်ကြေးလုပ်ငန်းစဉ်ချမှတ်ခြင်း၊ ဖွံ့ဖြိုးမှုလုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာတွင် အများပြည်သူများ ပါဝင်နိုင်ခြင်း၊သတ်ရောက်မှုလေ့လာစုံစမ်းချက်များအပါအဝင် အများပြည်သူ သတင်းအချက်အလက်ရယူနိုင်ခြင်း၊ မြေယာသိမ်းဆည်းခြင်းနှင့် လျော်ကြေးပေးခြင်းမူဝါဒများ နှင့် လုပ်ထုံးလုပ်နည်းများသတ်မှတ်ခြင်း၊စီမံကိန်းဝင်ငွေနှင့် လူမှုရေးအထောက်အပံ့များနှင့်ပတ်သက်၍ အများ ပြည်သူသို့ ထုတ်ဖေါ်ပြောဆိုခြင်းများရှိစေရန် ဥပဒေများပြဌာန်း အကောင်အထည်ဖေါ်ရန်။

- လူထုအခြေပြုလူမှုအဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်တဦးချင်းကိုယ်စားလှယ်များအား လုပ်ငန်းစုံအစုအဖွဲ့များတွင် ပါဝင်လာစေရေး၊ မြှင့်တင်ရေးနှင့် ကာကွယ်ရေးတို့အပါအဝင် သဘာဝသယံဇာတထုတ်ယူသော စက်မှုလုပ်ငန်းများ ပွင့်လင်းမြင်သာမှုအဖွဲ့ (Extractive Industries Transparency Initiative - EITI) ကြီးတွင် အဖွဲ့ဝင်ဖြစ်လာသည်အထိ ဆက်လက်ဆောင်ရွက်သွားရန်။ ကျယ်ပြန့်သောလူထုအခြေပြု လူမှုအဖွဲ့အစည်း များသည် လုပ်ငန်းစုံအစုအဖွဲ့တွင် အစီရင်ခံစာတင်သွင်းသည့်ပုံစံ နှင့် တခြား အရေးကြီးသော အစီရင်ခံ တင်ပြခြင်းဆုံးဖြတ်ချက်များ ချမှတ်ပြဌာန်းရာတွင် ထိထိရောက်ရောက်ပါဝင်လာနိုင်သည့်အခါမှသာ EITI အဖွဲ့ကြီးတွင် ကိုယ်စားလှယ်အဖြစ် တဆင့်တက်ပါဝင်သင့်သည်။

- လူ့အခွင့်အရေး နှင့် သဘာဝတ်ပတ်ဝန်းကျင်အကာအကွယ်ပြုခြင်း ဥပဒေ နှင့် အလေ့အထများ မရှိသရွေ့ ရေနံ၊ သဘာဝဓါတ်ငွေ့၊ ဓါတ်သတ္တုတူးဖေါ်ခြင်း၊ ရေအားလျှပ်စစ်ကဏ္ဍများ ဖွံ့ဖြိုးမှုကို ရပ်ဆိုင်းထားသည့် ဥပဒေ ပြဌာန်းရန်။ မြန်မာနိုင်ငံသူ နိုင်ငံသားများသည် တိုင်းပြည်၏ သဘာဝအရင်းအမြစ်နှင့် သဘာဝသယံဇာတ ကြွယ်ဝမှုအား စီမံခန့်ခွဲခြင်း၊ ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းများတွင် ပါဝင်ခွင့်ရှိရေး။